# ၇၅ နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ချင်းအမျိုးသားတပ်ဦး ၏ လက်ထောက်အတွင်းရေးမှူး (၂) **ဆလိုင်းထက်နီ** မှပြောကြားခဲ့သည့် မိန့်ခွန်း။

ဓါတ်ပုံ – Salai Ling Thang




၁။ HPO/CDF – Hualngoram မှ ကျင်းပပြုလုပ်သော ယနေ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ (၂၀)ရက်၊ ၇၅ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားမှာ ပါဝင်တက်ရောက်ပြီး



အမှာ စကား ပြောကြားခွင့် ရရှိသည့်အတွက် များစွာဂုဏ်ယူကြောင်း နှင့် စစ်ရေး နိုင်ငံရေး အကျပ်အတည်းကာလမှာ ယခုလို ချင်းအမျိုးသားနေ့ အခမ်း အနားကို ဖြစ်မြောက်အောင် စီစဉ်နိုင်တဲ့အတွက်လည်း ထပ်လောင်း၍ ချီးကျူးကြောင်း၊ အခမ်း အနား တက်ရောက်တဲ့ ပြည်သူများ၊ တော်လှန်ရေး ရဲဘော်ရဲမေများ အပေါ် ကျေးဇူး တင်ကြောင်း ချင်း

အမျိုးသားတပ်ဦး တပ်မတော် ကိုယ်စား ဦးစွာ နှုတ်ခွန်းဆက်စကား ပြောကြား လိုပါတယ်။

၂။ ယနေ့ဟာ စစ်အာဏာရှင်စနစ်ဖြုတ်ချပြီး ဖက်ဒရေ ဒီမိုကရေစီစနစ် ထူထောင်ရေး၊ ချင်းအမျိုးသားတည် ဆောက်ရေးနှင့် ချင်းပြည်ထောင်တည်ဆောက်ရေး အတွက် တော်လှန်ရေး တိုက်ပွဲ ဆင်နွှဲ နေရသည့် ကာလ ဖြစ်ပါတယ်။ တော်လှန်ရေး ကာလမှာ သွေးမြေကျခဲ့တဲ့ မျိုးချစ် ရဲဘော် ရဲမေများကို လေးစားဂါရဝပြု ကြောင်းနှင့် စကစ ရဲ့ မတရား အကြမ်းဖက် နှိပ်စက် မှုကြောင့် နာကျင်ခဲ့ရသော ပြည်သူများ၊ လူမှုဒုက္ခ အထွေထွေနဲ့ ကြုံတွေ့နေရသော ပြည်သူများကိုလည်း စာနာကြောင်း လေးလေး နက်နက် ဖော်ပြလိုပါတယ်။



၃။ ချင်းလူမျိုးတွေဟာ မျိုးနွယ်စု၊ မျိုးဆက်များအရင်း၊ နယ်မြေနဲ့ လူဦးရေအရင်း၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုအရင်း၊ ယဉ်ကျေးမှု ဓလေ့အရင်း၊ နိုင်ငံရေး အသိနိုးကြားမှုနဲ့ နောက်ခံသမိုင်း ကြောင်းအရင်း လူမျိုးတမျိုးအဖြစ် လွတ်လပ်စွာ ရပ်တည်နိုင်သော လူမျိုးဖြစ်ပါတယ်။ ချင်းလူမျိုးတို့သည် မည်သည့် တိုင်းတပါး သားတို့၏ လက်အောက်ခံမျှ မရှိခဲ့ပဲ သီးခြားရပ် တည်လာခဲ့သော်လည်း နယ်ချဲ့ဗြိတိ သျှလက်အောက်သို့ ၁၈၉၅ ခုနှစ်မှ တဖြည်းဖြည်းကျရောက်သွားခဲ့ရာ လူမျိုးတမျိုး၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ အသက်ရှင်ရပ် တည်ပိုင်ခွင့်နှင့် ရိုးရာဓလေ့၊ ယဉ်ကျေး မှုကို ကာကွယ်စောင့်ရှောက်ပိုင်ခွင့်များ ဆုံးရှုံးခဲ့ရသည့် အပြင်

လွတ်လပ် ရေးရရှိသည့် နောက်ပိုင်း ဗမာမဟာလူမျိုးကြီးစစ်ဝါဒီများကြောင့် ချင်းလူမျိုးတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခွင့်အရေးများ၊ မူလ ရပိုင်ခွင့်များဖြစ်သည့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်၊ မွေးရာပါ အခွင့်အရေးများ၊ ဒီမိုကရေစီ အခွင့်အရေးများ၊ ချင်းအမျိုးသား စည်းလုံးညီညွတ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုများ လက်လွှတ်ဆုံးရှုံးခဲ့ရသည်မှာ ယနေ့အထိပင် ဖြစ်သည်။



၄။ ချင်းမျိုးချစ်ခေါင်းဆောင်များသည် ညီနောင်တိုင်းရင်းသားများနှင့်အတူ နယ်ချဲ့ ဆန့်ကျင်ရေး တော်လှန်ရေး လှုပ်ရှားမှုတွင် အသက်ပေါင်းများစွာ စတေးလျက် တိုက်ပွဲဝင်ခဲ့ရာ ၁၉၄၈ ခုနှစ် ဇန္နဝါရီလ (၄) ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးတဆက်တည်းတွင် ချင်းလူမျိုးများလိုလားသော နိုင်ငံရေးစနစ်ကို ချင်းလူမျိုးများ ကိုယ်တိုင် ချမှတ်ရေးဆွဲနိုင်ရန် အတွက် ချင်းပြည် ဖလမ်းမြို့၌ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၂၀) တွင် ချင်း



အမျိုးသားညီလာခံကြီးတရပ်ကျင်းပခဲ့ရာ မှ သမိုင်းမော်ကွန်းဝင် ချင်းအမျိုးသား နေ့ ဟူ၍ဖြစ် ပေါ်လာခဲ့သည်။

၅။ ယနေ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ (၂၀) ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားတရပ်အဖြစ် အမျိုးသားစုစည်းမှုကို ပြန်လည်ထုတ်ဖော်ပြသခြင်းဖြစ်ပြီး ဤချင်းအမျိုးသားနေ့သည် နယ်ချဲ့ဆန့်ကျင်ရေး နှင့် အမျိုး သားလွတ်မြောက်ရေးလှုပ်ရှားမှု အပါအဝင် မျိုးနွယ်စု အကြီးအကဲများ၏ မိမိ နယ်မြေ အလိုက် မိရိုးဖလာ ကျင့်သုံး လာခဲ့သည့် အမွေဆက်ခံ အုပ်ချုပ် ရေးစနစ်



ဟောင်းမှ ချင်းလဲန်း တခုလုံးကို စုစည်း၍ အမျိုးသားကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သစ်ဖြင့် ကျင့်သုံးအုပ်ချုပ်ရန် ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့သည့် သမိုင်းဝင် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

၆။ ချင်းအမျိုးသားနေ့၏ အမျိုးသားရေးအရ အနှစ်သာရ (၂)ချက်ရှိပါတယ်။

- ဖလမ်းမြို့ညီလာခံကြီးက ချင်းလူမျိုးများကိုယ်တိုင် ချင်းလဲန်းမှာ ကျင့်သုံးမည့် နိုင်ငံရေး စနစ်ကို လွတ်လပ်စွာ ရွေးချယ်ခဲ့သည့် နိုင်ငံရေးအရ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခြင်း၊ ကိုယ့်လူမျိုးကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ ကျင့်သုံးခဲ့သည့် နေ့ရက်ဖြစ်သည်။

- ချင်းလူမျိုးထုကြီး ကိုယ့်ချင်းအမျိုးသားရေးရာကိစ္စ ညှိနှိုင်းဆွေးနွေးသည့် ညီလာခံကြီးပင်ဖြစ်သည်။ ထို့ကြောင့် ဖလမ်းအစည်းအဝေးဟာ ပထမအကြိမ် ချင်း

အမျိုးသားညီလာခံဟု သတ်မှတ် ကြခြင်းဖြစ်သည်။ ချင်းအမျိုး သားနေ့ဟာ ချင်းလူမျိုးများအတွက် အနှစ်သာရရှိသည့် ချင်းအမျိုးသား ကိုယ်ပိုင်ပြ ဌာန်းခွင့်နှင့် ချင်းအမျိုးသားစည်းလုံးညီညွတ်မှုကို ပြန်လည်နှလုံးသွင်းရမှာဖြစ်သည်။

၇။ အကြမ်းဖက်စစ်အုပ်စုမှ ၂၀၂၁ ဖေဖော်ဝါရီလ (၀၁)ရက်နေ့တွင် နိုင်ငံတော်အာဏာကို မတရား သိမ်းယူခြင်းကြောင့် ချင်းပြည်သူများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် အလွှာစုံမှ  စစ်အာ ဏာရှင် စနစ်ကို အမြစ်ပြတ်ချေမှုန်းပြီး ဖက်ဒရေဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ရန် ရရာလက် နက်စွဲကိုင်ပြီး အသက်သွေးချွေး၊ အိုးအိမ် စည်းစိမ်ပေါင်းများစွာ စတေးလျက် ခုခံတော်လှန်စစ်ကို ဆင်နွှဲလာခဲ့ကြသည်။



လက်ရှိဆင်နွှဲနေသော တော်လှန်ရေးစစ်ပွဲကို အမျိုးသား လွတ်မြောက်ရေး အောင်ပွဲအဖြစ်ခံယူလျက် နိုင်ငံရေး ဦးတည်ချက်၊ ယုံကြည်ချက် တူညီသော ညီနောင်လက်နက်ကိုင် မဟာမိတ်များ၊ NUG နှင့် ဒေသကာကွယ်ရေး တပ်ဖွဲ့များနှင့်အတူဆက်လက် တိုက်ပွဲဝင်သွားမည်ဖြစ်ပြီး ချင်းအမျိုးသား တည်ဆောက် ရေးနှင့် ချင်းပြည်ထောင် တည်ဆောက်ရေး ကိုလည်း  Stakes Holders များနှင့် အတူ ဆက်လက်အကောင် အထည်ဖော်သွားမည်ဖြစ်သည်။

၈။ နောက်ဆုံးအနေဖြင့် ၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေးသည် ချင်းအမျိုးသားနေ့၏ နိုင်ငံရေးအနှစ်သာရနှင့် ထပ်တူကျနေသလို ပြည်သူ အခြေပြု  ပြည်သူ့တော် လှန်ရေး

ဖြစ်သည်နှင့်အညီ Hualngoram ပြည်သူများအပါအဝင် ချင်းအမျိုးသား တရပ်လုံး အနေဖြင့် အာဏာရှင် ဆန့်ကျင်တော်လှန်ရေးတွင် မိမိ တတ်ကျွမ်းရာ ကဏ္ဍအသီးသီး မှ တတပ်တအား ပူးပေါင်း ပါဝင်ကြပါရန် နှင့် အထူးသဖြင့် HPO နှင့် CDF – Hualngoram အနေဖြင့် မိမိ နိုင်ငံရေးနှင့် စစ်ရေး ရပ်တည်ချက်အပေါ် အခိုင်အမာ ရပ်တည်ပြီး ဆက်လက်တိုက်ပွဲဝင်ကြပါရန် တိုက်တွန်းနှိုး ဆော်အပ်ပါ သည်။

